UVA GLOBAL | BDFWG Burmese Democratic Futures Working Group

# မြန်မာ့ ပဋိပက္ခ နောက်ဆုံးအခြေအနေ ဇန်နဝါရီလ (၂၂-၃၁)

## အရပ်သားများအပေါ် အကြမ်းဖက်မှု

| | | | |
|---|---|---|---|
| ၅၈ ဦး | အရပ်သား အသတ်ခံရမှု | ၂၃၀ ဦး | အရပ်သား ဖမ်းဆီးခံရမှု |
| ၁၃ ဦး | အမျိုးသမီး အသတ်ခံရမှု | ၃၅၈ လုံး | နေအိမ်မီးရှို့ပျက်စီးမှု |
| ၆ ဦး | ကလေးများ အသတ်ခံရမှု | ၈၈ ကြိမ် | လေကြောင်းတိုက်ခိုက်မှု |

### ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

မြန်မာနိုင်ငံရှိ ပြည်နယ် ၄ ပြည်နယ်နှင့် တိုင်း ၃ တိုင်းတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း စစ်ကောင်မရှင်တပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၅၈ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၆ ဦးနှင့် အမျိုးသမီး ၁၃ ဦး ပါဝင်ပါသည်။

**မီးရှို့ဖျက်ဆီးမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၁ ပြည်နယ်နှင့် တိုင်း ၃ တိုင်းတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း စစ်ကောင်မရှင်တပ်မီးရှို့သဖြင့် နေအိမ် ၃၅၈ လုံး မီးလောင် ပျက်စီးခဲ့ပါသည်။ မကွေးတိုင်းတွင် နေအိမ် ၂၅၉ လုံး၊ တနင်္သာရီတိုင်းတွင် နေအိမ် ၇၈ လုံး၊ မန္တလေးတိုင်းတွင် နေအိမ် ၂၀ လုံးနှင့် မွန်ပြည်နယ်တွင် နေအိမ် ၁ လုံးတို့ ဖြစ်ကြပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၂ ပြည်နယ်နှင့် တိုင်း ၅ တိုင်းတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း အရပ်သားပြည်သူ ၂၃၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ စစ်ကိုင်းတိုင်းတွင် ၁၁၀ ဦး၊ မန္တလေးတိုင်းတွင် ၅၀ ဦး၊ မကွေးတိုင်းတွင် ၃၀ ဦး၊ တနင်္သာရီတိုင်းတွင် ၂၀ ဦး၊ မွန်ပြည်နယ်တွင် ၁၀ ဦး၊ ရခိုင်ပြည်နယ်တွင် ၆ ဦးနှင့် ဧရာဝတီတိုင်းတွင် ၄ ဦးတို့ ဖြစ်ကြပါသည်။

**သတ်ဖြတ်ခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၄ ပြည်နယ်နှင့် တိုင်း ၃ တိုင်းတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း အရပ်သားပြည်သူ ၅၈ ဦး သတ်ဖြတ်ခံခဲ့ရသည်။ ကချင်ပြည်နယ်တွင် ၂၄ ဦး၊ စစ်ကိုင်းတိုင်းတွင် ၁၆ ဦး၊ မကွေးတိုင်းတွင် ၁၀ ဦး၊ ပဲခူးတိုင်းတွင် ၃ ဦး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂ ဦးစီ၊ မန္တလေးတိုင်းတွင် ၁ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ် ၄ ပြည်နယ်နှင့် တိုင်း ၅ တိုင်းတွင် ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း စစ်ကော်မရှင်တပ်မှ လေကြောင်းတိုက်ခိုက်မှု ၈၈ ကြိမ် ပြုလုပ်ခဲ့ပါသည်။ မကွေးတိုင်းတွင် ၃၁ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၁၉ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၁၃ ကြိမ်၊ ကချင်ပြည်နယ်တွင် ၈ ကြိမ်၊ ကရင်ပြည်နယ်တွင် ၄ ကြိမ်၊ ချင်းပြည်နယ်တွင် ၃ ကြိမ်၊ ပဲခူးတိုင်းတွင် ၂ ကြိမ်နှင့် တနင်္သာရီတိုင်းတွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။

**တိုက်ပွဲတွင် ကျဆုံးမှုများ**

| | |
|---|---|
| ၃၃၂ ဦး | စစ်ကော်မရှင်တပ်သား သေဆုံး |
| ၁၉ ဦး | PDF ရဲဘော်များ ကျဆုံး |
| ၉၀ ကြိမ် | တိုက်ပွဲ အကြိမ်အရေအတွက် |


## ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ


### တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၉၀ ကြိမ် ဖြစ်ပွားခဲ့သည်။ ပဲခူးတိုင်းတွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၂၀ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၇ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းတွင် ၉ ကြိမ်၊ ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ၈ ကြိမ်စီ၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၅ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၃ ကြိမ်နှင့် ချင်းပြည်နယ်တွင် ၂ ကြိမ်တို့ ဖြစ်ကြပါသည်။ ဧရာဝတီတိုင်း၊ ကရင်နီပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဇန်နဝါရီလ နောက်ဆုံးပတ်အတွင်း တိုက်ပွဲများတွင် စစ်ကော်မရှင်တပ်သား ၃၃၂ ဦး သေဆုံးပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ မှ ရဲဘော် ၁၉ ဦး ကျဆုံးခဲ့ပါသည်။

**ဇန်နဝါရီလ ၂၂ ရက်မှ ၃၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**






## တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

### KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဇန်နဝါရီလ ၂၇ ရက်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ တနိုင်းလပူခနှင့် ပရင်းမော်ကြားရှိ အွယ်လောတပ်စခန်းကုန်းတို့ကို KIA ပူးပေါင်းတပ်ဖွဲ့က ပြန်လည်သိမ်းပိုက်ရရှိခဲ့သည်။

- ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသရှိ စစ်ကော်မရှင်တပ်နဲ့ ရှမ်းနီတပ် (SNA) ပူးပေါင်းတပ်စွဲထားတဲ့ စခန်းတစ်ခုကို ကချင်လွတ်လပ်ရေးတပ်မတော်(KIA) ပူးပေါင်းတပ်က ဇန်နဝါရီလ ၂၈ ရက်မှာ သိမ်းပိုက်နိုင်ခဲ့ပါသည်။

### AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်ရှိ စစ်ကော်မရှင်၏ ကပစ ၁၆ ကာကင်းစခန်းကုန်း ပို့င့် ၆၆၆ စခန်းကုန်းကို ဇန်နဝါရီလ ၂၈ ရက်တွင် AA နှင့် တော်လှန်ရေးတပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်လိုက်သည်။


**PDF ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ဇန်နဝါရီလ ၃၀ ရက်တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ ကိုးထောင်ဘို့ရွာရှိ စစ်ကော်မရှင်တပ်အထိုင်စခန်းကို တော်လှန်ရေးတပ်များက တိုက်ခိုက်သိမ်းပိုက်ရရှိခဲ့သည်။

## ဒေသအလိုက် အချက်အလက်

| Data of Myanmar Conflict 22-31, January 2026 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Houses burned down** |
| **BAGO** | 20 | 2 | 119 | 5 | 1 | 2 | | |
| **CHIN** | 2 | 3 | | | | | | |
| **IRRAWADDY** | | | | | | | 4 | |
| **KACHIN** | 8 | 8 | | 2 | 1 | 23 | | |
| **KAREN** | 1 | 4 | | | | | | |
| **MAGWAY** | 17 | 31 | 100 | 4 | 1 | 9 | 30 | 259 |
| **MANDALAY** | 8 | 7 | 32 | 2 | | 1 | 50 | 20 |
| **MON** | | | | | 1 | 1 | 10 | 1 |
| **RAKHINE** | 3 | 13 | | | | 2 | 6 | |
| **SAGAING** | 17 | 19 | 30 | 5 | 2 | 14 | 110 | |
| **SHAN ( S )** | 5 | | 30 | 1 | | | | |
| **TANINTHARYI** | 9 | 1 | 21 | | | | 20 | 78 |
| **TOTAL** | **90** | **88** | **332** | **19** | **6** | **52** | **230** | **358** |

# Map of Myanmar Conflict ( January 22-31, 2026 )



## ရွေးကောက်ပွဲသတင်းများ

ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမယ့် ရွေးကောက်ပွဲအပိုင်း(၁) ကို မြို့နယ်ပေါင်း (၁၀၂) မြို့နယ်၌ စတင်ကျင်းပမှာဖြစ်ပြီး နေပြည်တော်နှင့် တိုင်းဒေသကြီး ၇ ခု၊ ပြည်နယ် ၇ ခုတို့ ပါဝင်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ သြဂုတ် (၂၀) ရက်တွင် ကြေငြာချက်အမှတ် (၅၆/၂၀၂၅)ဖြင့် ထုတ်ပြန်ခဲ့သည်။ အပိုင်း(၁)၌ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၂) မြို့နယ်၊ ရှမ်းပြည်နယ်တွင် (၁၂) မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၁၂) မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် (၉) မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၈) မြို့နယ်၊ နေပြည်တော်တွင် (၈) မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် (၈) မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် (၈) မြို့နယ် ၊ တနင်္သာရီတိုင်း ဒေသကြီးတွင် (၄)မြို့နယ်၊ ကချင်ပြည်နယ်တွင် (၆)မြို့နယ်၊ မွန်ပြည်နယ်တွင် (၅) မြို့နယ်၊ ရခိုင်ပြည်နယ်တွင် (၃) မြို့နယ်၊ ကယားပြည်နယ်တွင် (၂) မြို့နယ်၊ ကရင်ပြည်နယ်တွင် (၃)မြို့နယ်နှင့် ချင်းပြည်နယ်တွင် (၂) မြို့နယ်တို့ ဖြစ်ကြသည်။

ရွေးကောက်ပွဲအပိုင်း ၁ တွင် ကြံ့ခိုင်ရေးပါတီက ကြိုတင်မဲအများဆုံး ရရှိနေမှုအပေါ် တရားမျှတမှုမရှိဘဲ တစ်ဖက်သတ်ဆန်၍ လုံးဝလက်မခံဟု ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ-ကျားဖြူပါတီ-SNDP ၏ တောင်ငူခရိုင် ဥက္ကဋ္ဌ ဦးကျော်စိုးက လူမှုကွန်ရက်မှတစ်ဆင့် ကန့်ကွက်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ဒီဇင်ဘာလ ၂ ရက်နေ့ ရေတာရှည်မြို့နယ်တွင် ကြိုတင်မဲများကို ကြံ့ခိုင်ရေးပါတီက မဲအများဆုံးရရှိပြီး ကျန်ပါတီများမှာ အနည်းငယ်သာရရှိကြောင်း၊ ယင်းကြိုတင်မဲများမှာ တရားမျှတမှုမရှိဘဲ တစ်ဖက်သတ်ဆန်၍ ကန့်ကွက်ကြောင်း ၎င်းက ပြောဆိုခဲ့သည်။

ဒီဇင်ဘာလ ၂၈ ရက်၌ ကျင်းပခဲ့သည့် စစ်ကော်မရှင်၏ ပထမအဆင့် ရွေးကောက်ပွဲတွင် ဒေါ်သက်သက်ခိုင် ဦးဆောင်သည့် ပြည်သူ့ရှေ့ဆောင်ပါတီ၊ ဒေါက်တာအေးမောင် ဦးဆောင်သည့် ရခိုင့်ဦးဆောင်ပါတီနှင့် ဦးကိုကိုကြီး ဦးဆောင်သည့် ပြည်သူ့ပါတီတို့မှ အမတ်လောင်းအားလုံးနီးပါး ရှုံးနိမ့်ခဲ့သည်။

မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ မဲရုံတစ်ခုတွင် မဲရုံအတွင်းဝင်ရောက်ပြီး ပြည်သူ့ပါတီကို ဆန္ဒမဲထည့်ရန် ပြောဆိုခဲ့သည်ဟုဆိုကာ အမျိုးသမီးနှစ်ဦးကို စစ်ကော်မရှင်က အမှုဖွင့်အရေးယူခဲ့သည်။ ဒီဇင်ဘာလ ၂၈ ရက်၌ စစ်အုပ်စုကျင်းပသည့် ရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်သည့် သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာ မဲရုံတွင် ဆန္ဒမဲလာထည့်ကြသည့် ပြည်သူများကို ပြည်သူ့ပါတီကို မဲထည့်ရန်ပြောဆိုခြင်း၊ ကူညီပေးခြင်းများ ပြုလုပ်ခဲ့ပြီးနောက် မဲရုံမှူးများနှင့် ပြဿနာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အဆိုပါဖမ်းဆီးအမှုဖွင့်ခံထားရသည့် အမျိုးသမီး နှစ်ဦးသည် ပြည်သူ့ပါတီဝင် ဟုတ်၊ မဟုတ် သီးခြားအတည်ပြုနိုင်ခြင်း မရှိပါ။

ဒီဇင်ဘာလ ရွေးကောက်ပွဲအပိုင်း(၁)တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြည်သူ့ပါတီကိုယ်စားလှယ်လောင်းဖြစ်သူ ဦးလွင်မြင့် ကို မဲဆွယ်ရာမှာ နွေဦးတော်လှန်ရေး အရေးတော်ပုံအသုံးနှုန်းတွေကြောင့် ပုဒ်မ ၈၅ ( ဂ ) ဖြင့် အရေးယူခံရပြီး သယ်န်းကျွန်းမြို့နယ်တရားရုံးမှ အလုပ်နဲ့ ထောင်ဒဏ် ၁ နှစ်ချမှတ်ခဲ့ပါသည်။

ရှောဝတီတိုင်း၊ ကန်ကြီးထောင့်မြို့၊ မြဝတီရပ်ကွက်နေထိုင်သူ ဦးခင်မောင်မောင်သွင်နဲ့ ဟသ်ာတမြို့နယ် ကနောင်စု ရပ်ကွက်နေထိုင်သူ ဒေါ်မြသီတာတို့ကို ရွေးကောက်ပွဲပျက်ပြားအောင် လှုံ့ဆော်တဲ့စာတွေကို လူမှုကွန်ရက်ပေါ်မှာ ပြန်လည်မျှဝေမှုနဲ့ စစ်ကော်မရှင်တပ်နဲ့ ရဲတွေက ဇန်နဝါရီလ ၉ ရက်၌ ဖမ်းဆီးအမှုဖွင့်ခဲ့သည်။

ရွေးကောက်ပွဲအပိုင်း(၂)အဖြစ်ကျင်းပပြုလုပ်မည့် မြို့နယ်ပေါင်း ၁၀၀ စာရင်းကို ရွေးကောက်ပွဲကော်မရှင်(UEC)က အောက်တိုဘာလ ၂၈ ရက်မှာ ကြေငြာချက်အမှတ် (၁၄၁/၂၀၂၅)ဖြင့် ထုတ်ပြန်ခဲ့သည်။ အပိုင်း (၂)ကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပမှာ ဖြစ်သည်။ ကချင်ပြည်နယ်တွင် (၃) မြို့နယ်၊ ကယားပြည်နယ်တွင် (၂) မြို့နယ်၊ ကရင်ပြည်နယ်တွင် (၂) မြို့နယ်၊ စစ်ကိုင်းတိုင်းတွင် (၁၁) မြို့နယ်၊ တနင်္သာရီတိုင်းတွင် (၃) မြို့နယ်၊ ပဲခူးတိုင်းတွင် (၁၂) မြို့နယ်၊ မကွေးတိုင်းတွင် (၁၁) မြို့နယ်၊ မန္တလေးတိုင်းတွင် (၉) မြို့နယ်၊ မွန်ပြည်နယ်တွင် (၅) မြို့နယ်၊ ရန်ကုန်တိုင်းတွင် (၁၆) မြို့နယ်၊ ရှမ်းပြည်နယ်တွင် (၁၁) မြို့နယ်နှင့် ဧရာဝတီတိုင်းတွင် (၉) မြို့နယ်တို့ ဖြစ်ကြသည်။

ရွေးကောက်ပွဲအပိုင်း ၂ အတွက် အနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၅၂ နေရာကို ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင် (UEC) က ကြေညာလိုက်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(USDP)က ကိုယ်စားလှယ်အရေအတွက် ၄၄ ဦးအထိ ရွေးကောက်ခံထားရပါသည်။ ရွေးကောက်ပွဲ ပထမပိုင်းအပြီး ကော်မရှင်ထုတ်ပြန်ချက်အရ ကြံ့ခိုင်ရေးပါတီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၀၂ ဦးအထိ နေရာရထားသည့်အတွက် စုစုပေါင်း ၁၄၆ နေရာအထိ အနိုင်ရထားခြင်း ဖြစ်သည်။ အပိုင်း ၂ အတွက် ကြေညာချက်မှာ တိုင်းရင်းသားပါတီတချို့၏ ကိုယ်စားလှယ် ၈ ဦးလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံထားရပါသည်။ ကချင်နဲ့ ကယားပြည်နယ်တို့မှာ ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ်တွေသာ အနိုင်ရခဲ့သလို စစ်ကိုင်းတိုင်းမှာလည်း ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ် ၇ ဦးနဲ့ ရွေးကောက်ခံထားရပါသည်။ မွန်ပြည်နယ်မှာတော့ ကြံ့ခိုင်ရေးပါတီက ကိုယ်စားလှယ် ၁ ဦးသာ ရွေးကောက်ခံရပြီး မွန်ညီညွတ်ရေးပါတီက ၄ ဦး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ ဖြစ်လာပါသည်။ ရွေးကောက်ပွဲအပိုင်း ၂ မှာ ပါဝင်ခဲ့တဲ့ တိုင်းနဲ့ပြည်နယ် ၉ ခုရဲ့ ပြည်သူ့ ကိုယ်စားလှယ်နေရာတွေကို UEC က ကြေညာတာဖြစ်ပေမယ့် ရန်ကုန်တိုင်း၊ ရှမ်းနဲ့ ဧရာဝတီ ရလဒ်တွေကိုတော့ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့ထိ ထည့်သွင်းကြေညာခြင်း မရှိခဲ့ပါ။

ဇန်နဝါရီလ ၁၁ ရက်၌ ကျင်းပခဲ့တဲ့ အာဏာသိမ်းစစ်တပ်ရဲ့ ရွေးကောက်ပွဲ ဒုတိယပိုင်းမှာ လသာမြို့နယ်ကနေ တသီးပုဂ္ဂလ အမတ်လောင်းအနေနဲ့ ဝင်ပြိုင်ခဲ့တဲ့ ဒေါ်စန္ဒာမင်း အနေဖြင့် USDP အမတ်ကို ရှုံးနိမ့်ခဲ့သည်။

ရွေးကောက်ပွဲ အပိုင်း(၁)နှင့်အပိုင်း(၂)အပြီး ထုတ်ပြန်ထားသော မဲရလဒ်တွေအရ လွှတ်တော် ၃ ရပ်စလုံးမှာ အနိုင်ရ ကိုယ်စားလှယ်စုစုပေါင်း ၆၀၇ ဦးအနက် USDP ပါတီက ၄၇၁ ဦး အနိုင်ရရှိခဲ့ပြီး စုစုပေါင်း ၇၈ ရာခိုင်နှုန်း ရှိခဲ့သည်။ ရွေး ကောက်ပွဲ အပိုင်း (၂) အဖြစ် မြို့နယ်ပေါင်း (၁၀၀) ၌ ကျင်းပပြုလုပ်ခဲ့ပြီး မဲပေးသူရာခိုင်နှုန်း ၅၅.၉၅ ရှိသည်ဟု စစ်ကော်မ ရှင်က ကြေငြာသည်။

ရွေးကောက်ပွဲအပိုင်း (၂) အဖြစ် ပြုလုပ်ခဲ့သည့် မြို့နယ်တွေမှာ အတုအယောင်ရွေးကောက်ပွဲအား တိုက်ခိုက်မှုဖြစ်စဉ် ၁၇ ခု ရှိခဲ့ပြီး စစ်ကော်မရှင်တပ်ဖက်မှ ထိခိုက်သေဆုံးမှုတွေ ရှိခဲ့သည်။ ကယားပြည်နယ်၊ ဖရူဆိုမြို့အတွင်းကို Drone ဖြင့် တိုက်ခိုက်ခြင်း၊ တနင်္သာရီတိုင်း၊ ကျွန်းစုမြို့နယ်၊ တောင်သုံးလုံးကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ် မီးရှို့ဖျက်ဆီးခံရခြင်း၊ မကွေးတိုင်းရှိ ဂန့်ဂေါ၊ ဆိပ်ဖြူနဲ့ စလင်းမြို့နယ်တွေမှာ Fixed Wing ဒရုန်း၊ ရှော့တိုက်ဒုံး၊ Drop Bomb တွေနဲ့ တိုက်ခိုက်ခဲ့သည်။ ဇန်နဝါရီလ ၁၁ ရက်၊ နေ့လယ် ၁၂ နာရီခန့်မှာ မကွေးတိုင်း၊ ကံမမြို့နယ်ရှိ မဲရုံတွေကို လိုက်လံစစ်ဆေးတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့ယာဉ်တန်းကို ပြည်သူ့ကာကွယ်ရေးအဖွဲ့ (ပကဖ)က ပစ်ခတ်တိုက်ခိုက်ခဲ့လို့ အုပ်ချုပ်ရေးမှူး အပါအဝင် ၂ ဦး သေဆုံးခဲ့သည်။ စစ်ကိုင်းတိုင်းရှိ ချောင်းဦး၊ မြင်းမူမြို့နှင့် ဘုတလင်မြို့တွေထဲကို တော်လှန်ရေးတပ်ဖွဲ့များက လက်လုပ်ရှော့တိုက်ဒုံး၊ Drop Bomb တွေဖြင့် တိုက်ခိုက်ခဲ့ပါသည်။ ရွေးကောက်ပွဲ အစည်းအဝေးကျင်းပနေတဲ့ ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ် ထွေ/အုပ်ရုံး ပေါ်ကို Drop Bomb ပစ်ချတိုက်ခိုက်ခဲ့လို့ ဝန်ထမ်း ၂ ဦးသေဆုံးခဲ့ပြီး နောက်ထပ် ဝန်ထမ်း ၂ ဦးနဲ့ ပြည်သူ ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့တယ်လို့ စစ်ကော်မရှင်ဘက်မှ သတင်းထုတ်ပြန်ခဲ့သည်။ မွန်ပြည်နယ်၊ မုဒုံမြို့နဲ့ ရေးမြို့နယ်တွေမှာ ရှော့တိုက်ဒုံး၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခြင်း၊ ပဲခူးတိုင်းရှိ ပေါင်းတည်မြို့နဲ့ မင်းလှ မြို့နယ်တို့တွင် လုံခြုံရေးအဖွဲ့တွေကို မိုင်းဆွဲတိုက်ခိုက်ခြင်းများ ရှိခဲ့ကြောင်း ဒေသတွင်း သတင်းမီဒီယာများရဲ့ ဖော်ပြချက်အရ သိရှိရသည်။

စစ်ကော်မရှင်၏ ရွေးကောက်ပွဲအပိုင်း(၃)အား မြို့နယ်ပေါင်း(၆၃)မြို့နယ်၌ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(UEC)မှ ကြေညာချက်အမှတ် ၁၇၀/၂၀၂၅ ဖြင့် ဒီဇင်ဘာလ ၂၅ ရက်က အသိပေးထုတ်ပြန်ခဲ့သည်။ ရန်ကုန်တိုင်းမှ မြို့နယ်(၁၇)ခု၊ ကချင်ပြည်နယ်မှ မြို့နယ်(၅)ခု၊ ကရင်ပြည်နယ်မှ မြို့နယ်(၂)ခု၊ စစ်ကိုင်းတိုင်းမှ မြို့နယ်(၂)ခု၊ တနင်္သာရီတိုင်းမှ မြို့နယ်(၃)ခု၊ ပဲခူးတိုင်းမှ မြို့နယ်(၈)ခု၊ မန္တလေးတိုင်းမှ မြို့နယ်(၈)ခု၊ ရှမ်းပြည်နယ်မှ မြို့နယ်(၉)ခုနှင့် ဧရာဝတီတိုင်းမှ မြို့နယ်(၉)ခုတို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ရှမ်းပြည်မြောက်ပိုင်းအတွင်း ဇန်နဝါရီလ ၂၅ ရက်တွင် ပြုလုပ်ခဲ့သည့် စစ်တပ်၏ ရွေးကောက်ပွဲ အပိုင်း (၃) တွင် စစ်တပ်ထိန်းချုပ်သည့် “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းရုံးစိုက်ရာ မြို့နယ်တစ်ခုနှင့် ကိုးကန့်တပ် (MNDAA) ထိန်းချုပ်သည့် သီပေါနယ်မှ ကျေးရွာအုပ်စု ၂ ခုတို့ ပါဝင်သည်။ ရွေးကောက်ပွဲ အပိုင်း (၃) ၌ ရှမ်းပြည်နယ်အတွင်း မက်မန်း၊ ပင်လောင်း၊ ညောင်ရွှေ၊ ဖယ်ခုံ၊ မိုးနဲ၊ ကျေးသီး၊ မိုင်းရှူး၊ သီပေါ၊ ကျောက်မဲ စသော မြို့နယ် ၉ ခုတွင် ကျင်းပရန် စစ်ကော်မရှင်က ကြေညာခဲ့သည်။

အာဏာသိမ်းစစ်တပ်က ဇန်နဝါရီ ၂၅ ရက်နေ့ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲ အပိုင်း ၃ မှာ ကချင်ပြည်နယ်၊ ဖားကန့်မြို့တွင်းက ပြည်သူတွေ မဲမပေးခဲ့တာကြောင့် ရွေးကောက်ပွဲ ပျက်သွားခဲ့ပေမဲ့ စစ်တပ်ပါတီဖြစ်တဲ့ ကြံ့ခိုင်ရေးကိုယ်စားလှယ်လောင်းတွေက မဲ ၁,၀၀၀ ကျော်နဲ့ အနိုင်ရရှိခဲ့သည်။ ဖားကန့်မြို့နယ်မှာ စစ်ကောင်စီက မြို့အဝင်အထွက်ကို ပိတ်ဆို့ပြီး ရွေးကောက်ပွဲကျင်းပဖို့ ကြိုးစားခဲ့ပေမဲ့ တော်လှန်ရေးတပ်ဖွဲ့ဝင်တွေရဲ့ တိုက်ခိုက်ခံရသလို ပြည်သူတွေကလည်း အပြင်မထွက် မဲမပေးကြတာကြောင့် ဖားကန့်မြို့ပေါ် ရပ်ကွက်တွေဖြစ်တဲ့ မော်ဝမ်းရပ်ကွက်၊ ငှက်ပျောတောရပ်ကွက်၊ အေးမြသာယာရပ်ကွက်နဲ့ မြို့မရပ်ကွက် ၄ ရပ်ကွက်တို့မှာ ရွေးကောက်ပွဲ ပျက်သွားခဲ့သည်။

ရန်ကုန်တိုင်းရှိ လမ်းမတော်မြို့နယ်မှာ ဝင်ပြိုင်တဲ့ ပြည်သူ့ပါတီဥက္ကဋ္ဌ ဦးကိုကိုကြီး အပါအဝင် ပြိုင်ဘက်အမတ်တွေကို ကြံ့ခိုင်ရေးပါတီက အမတ်လောင်းတွေက အနိုင်ရခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်လောင်းမြို့နယ်တွင် စစ်ဘေးရှောင်များအား ရောက်ရာအရပ်မှ ပြန်လာခိုင်းပြီး မဲထည့်ခိုင်းကာ မဲမထည့်ပါက နောင်တွင် ရွာထဲ၌နေခွင့်မပြုဟုဆိုကာ ရွာသူကြီးများက ဖိအားပေးခဲ့သည်။ ဇန်နဝါရီလ ၂၅ ရက် နံနက်ပိုင်းမှ စတင်၍ ပင်လောင်းမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အသီးသီးရှိ မဲရုံများတွင် ရွေးကောက်ပွဲ အပိုင်း (၃) ကို ကျင်းပလျက် ရှိရာ မဲပေးသူ နည်းပါးနေ၍ ထိုကဲ့သို့ ဖိအားပေးကာ မဲထည့်ခိုင်းခဲ့သည်။ ပင်လောင်းမြို့နယ်တွင် မဲရုံ (၁၄၀) ရုံရှိပြီး မဲဆန္ဒရှင် ပြည်သူ (၁၃၈,၃၄၉) ဦးရှိကြောင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရှိရသည်။

ဇန်နဝါရီလ ၂၅ ရက်တွင် စစ်ကော်မရှင် ကျင်းပပြုလုပ်သည့် ရွေးကောက်ပွဲ၌ ကျေးသီးမြို့နယ်မှ ဆန္ဒမဲပေးသူ နည်းပါးခြင်း ကြောင့် ရပ်ကွက်အတွင်း သက်ဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ရှိသူများက ဆန္ဒမဲထည့်ရန် လိုက်လံ ဆော်ဩခဲ့ရသည်။ ထို့အပြင် ဆန္ဒမဲသွားပေးသည့် သက်ကြီးပိုင်းပုဂ္ဂိုလ်များမှာ ပထမဆုံးအကြိမ် အီလက်ထရောနစ် မဲပေးစက်ဖြင့် မဲပေးချိန် တွင် အခက်အခဲများ ကြုံတွေ့ခဲ့သည်။

ကျင်းပပြီးစီးသွားတဲ့ စစ်ကောင်စီရွေးကောက်ပွဲ အပိုင်း ၃ ပိုင်းစလုံးမှာ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီက ရှမ်းပြည် နယ်တောင်ပိုင်းမှာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်၊ ဟိုပုံးနဲ့ ပင်လောင်းမြို့နယ်တွေအပြင် ရှမ်းပြည်နယ်မြို့တော် တောင်ကြီးနဲ့ လွိုင်လင်မြို့နယ်တွေမှာ အနိုင်ရရှိခဲ့သည်။

ရန်ကုန်တိုင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် စစ်ကော်မရှင်၏ တစ်ဖတ်သတ် ရွေးကောက်ပွဲ အပိုင်း (၃) အား လာ ရောက်မဲပေးသူ နည်းပါးသဖြင့် အုပ်ချုပ်ရေးအဖွဲ့များက ဝင်ပြိုင်သော ဝန်ကြီးဟောင်းသား မဲနိုင်အောင် ဖုန်းဆက်ခေါ်၍ ကြံ့ခိုင်ရေးပါတီကို အတင်းမဲထည့်ခိုင်းခဲ့သည်။ စစ်ကော်မရှင်က ဇန်နဝါရီလ ၂၅ ရက်တွင် ပြုလုပ်သည့် ရွေးကောက်ပွဲ အပိုင်း(၃)၌ လှိုင်သာယာနှစ်မြို့နယ်ဖြစ်သော အရှေ့ပိုင်းနှင့် အနောက်ပိုင်းတို့ ပါဝင်ပြီး မဲလာပေးရန် နည်းမျိုးစုံဖြင့် ဖိအား ပေး ခြိမ်းခြောက်၍ ဖုန်းနံပတ်များ တောင်းယူခဲ့သည်။

ရန်ကုန်တိုင်းမှာ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီးအတွက် ကိုယ်စားလှယ်လောင်း ၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ ပြီး ကြံ့ခိုင်ရေး ပါတီမှ ဦးနေမင်းထွန်းက တသီးပုဂ္ဂလ ဦးညီညီကို ကျော်ပြီး အနိုင်ရရှိခဲ့သည်။

စစ်ကော်မရှင်ဦးစီးကျင်းပနေတဲ့ လက်ရှိ ရွေးကောင်ပွဲကို နိုင်ငံတကာက အသိအမှတ်မပြုတာ နားမလည် (အလေးစိုက် စရာမရှိ)ဘူးဟု စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မီဒီယာတွေနဲ့ တွေ့ဆုံစဉ်မှာ ပြောကြားခဲ့သည်။ မန္တလေးမြို့တွင် ရောက်နေတဲ့ စစ်ခေါင်းဆောင်က ချမ်းမြသာစည်မြို့နယ်မှာ ဇန်နဝါရီလ ၂၅ ရက်၌ ကျင်းပနေတဲ့ ရွေးကောက်ပွဲမှာ မဲရုံတွေရဲ့ ဆန္ဒမဲပေးမှုတွေကို လိုက်လံကြည့်ရှုနေချိန် အခုလို ပြောဆိုခဲ့ပါသည်။ ဒီရွေးကောက်ပွဲကို ပြည်ပနိုင်ငံတွေက မဲပေးနေတာ မဟုတ်သလို နိုင်ငံတကာနဲ့ ကုလသမဂ္ဂ အဖွဲ့အစည်းတွေက ရွေးကောက်ပွဲကို မထောက်

ခံလည်း ဆက်လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောဆိုလိုက်ပါတယ်။ ဒါ့အပြင် သူက ရွေးကောက်ပွဲအလွန် အစိုးရသစ်လက်ထက်မှာလည်း တိုင်းပြည်တိုးတက် အေးချမ်းအောင်၊ ကမ္ဘာနဲ့ရင်ဘောင်တန်းနိုင် အောင် လုပ်ဆောင်မှာဖြစ်ပြီး ပြည်သူများက ပူးပေါင်းပါဝင်ပြီး နိုင်ငံတကာမှလည်း ပြည်တွင်းအခြေအနေမှန်တွေသိဖို့ လိုအပ်တယ်ဟု ပြောဆိုခဲ့သည်။

ဇန်နဝါရီလ ၂၅ ရက်က မန္တလေးမြို့ရှိ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရဲ့ မန္တလေးတပ်နယ်က အရာရှိ၊ စစ်သည်၊ မိသားစုတွေနဲ့ သွားရောက်တွေ့စဉ် ''၂၀၂၅ အထွေထွေရွေးကောက်ပွဲဟာ အောင်မြင်တဲ့ ရွေးကောက်ပွဲတစ်ရပ် ဖြစ်တယ်လို့'' စစ်ခေါင်း ဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ပြောဆိုခဲ့သည်။ စစ်ခေါင်းဆောင်က ရွေးကောက်ပွဲမှာ လူငယ်လူရွယ်တွေက အစ တက်တက်ကြွကြွ ဆန္ဒမဲလာပေးတာ တွေ့ရတာကြောင့် အောင်မြင်တဲ့ ရွေးကောက်ပွဲအဖြစ် သတ်မှတ်နိုင်တယ်လို့ ဆိုပါသည်။ ဒါ့အပြင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပါဝင်ထမ်းဆောင်ခဲ့တဲ့ သူတွေ အားလုံးကို မိမိအနေနဲ့ အသိအမှတ်ပြုကျေးဇူးတင်တယ်လို့ ပြောဆိုခဲ့သည်။

အပိုင်း ၃ ပိုင်းနဲ့ ကျင်းပတဲ့ စစ်ကော်မရှင်ဦးစီးတဲ့ မြန်မာရွေးကောက်ပွဲဟာ နိုင်ငံတကာစံနှုန်းနဲ့မညီဘူးလို့ EU ပြောရေး ဆိုခွင့်ရှိသူက ပြီးခဲ့တဲ့ရက်ပိုင်းက DW သတင်းဌာနကို ပြောပါသည်။ နိုင်ငံမှာဖြစ်ပေါ်နေဆဲ အကြမ်းဖက်မှု၊ အခြေခံ လွတ် လပ်ခွင့်တွေကို ကန့်သတ်ထားမှု၊ အစုလိုက်ဖမ်းဆီးမှု၊ အဓိကနိုင်ငံရေးသမားတွေကို ဖယ်ထုတ်ထားမှုနဲ့ လက်နက်ကိုင် ပဋိပက္ခတွေကြောင့် လွတ်လပ်တရားမျှတပြီး အားလုံးပါဝင်တဲ့ ယုံကြည်ရတဲ့ ရွေးကောက်ပွဲမဖြစ်နိုင်ဘူးလို့ EU ပြောရေး ဆိုခွင့်ရှိသူက ပြောတိုထားပါသည်။

အကြမ်းဖက်စစ်တပ်၏ ရွေးကောက်ပွဲကို မထောက်ခံကြောင်း အာဆီယံဥက္ကဋ္ဌသစ် ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Ma. Theresa Lazaro က ထုတ်ဖော်ပြောဆိုပြီး စစ်တပ်ကို ဆန့်ကျင်နေသော အဖွဲ့များနှင့် ဆက်လက်တွေ့ဆုံဆွေးနွေးရန် မျှော်လင့်ထားကြောင်း ရိုက်တာသတင်းဌာန၏ သတင်းဖော်ပြချက်အရ သိရှိရပါသည်။ ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့တွင် ဇန်နဝါရီလ ၂၉ ရက်တွင် ပြုလုပ်သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးအပြီး ပြုလုပ်သော သတင်းစာ ရှင်းလင်းပွဲ၌ ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီး Theresa Lazaro က မြန်မာစစ်တပ်၏ ရွေးကောက်ပွဲ အပိုင်း ၃ ခုလုံးကို အသိအမှတ်မပြုကြောင်း တရားဝင်ကြေညာလိုက်ပါသည်။

ရွေးကောက်ပွဲ ကာလအတွင်း စစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှုတွေကြောင့် မြန်မာနိုင်ငံအနှံ့မှာ လူပေါင်း ၁၇၀ ကျော် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲကာလ လေးပတ်အတွင်း စစ်တပ်ဟာ နိုင်ငံအနှံ့မှာ လေကြောင်းတိုက်ခိုက်မှုတွေကို အရှိန်မြှင့်လုပ်ဆောင်နေခဲ့ပြီး အရပ်သား သေဆုံးမှုတွေ ဖြစ်ပေါ်ခဲ့သည်။ ဒီဇင်ဘာလကုန် ပိုင်းကနေ ပြီးခဲ့တဲ့ သီတင်းပတ်အထိ ကာလအတွင်း မြန်မာနိုင်ငံမှာ စစ်တပ်ရဲ့ လေကြောင်းတိုက်ခိုက်မှု ၄၀၈ ကြိမ်လောက် ရှိခဲ့ပြီး လူပေါင်း ၁၇၀ ကျော် သေဆုံးခဲ့ပါသည်။

# ဝေါဟာရ အသုံးအနှုန်းများ

**AAPP (နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း)**

မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေကို စောင့်ကြည့်နေသော လူ့အခွင့်အရေးအဖွဲ့ ဖြစ်သည်။ အာဏာသိမ်းပြီးနောက် ဖမ်းဆီးခံရမှုများနှင့် သတ်ဖြတ်ခံရမှုများအပေါ် အချက်အလက်များ ထုတ်ပြန်ပေးနေသော လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခုဖြစ်သည်။

**ABSFU (ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်)**

ဗိုလ်ချုပ်အောင်ဆန်းမှ ရန်ကုန်တက္ကသိုလ်တွင် တည်ထောင်ခဲ့ပြီး၊ ပညာရေးလွတ်လပ်ခွင့်၊ ကျောင်းသား အခွင့်အရေးများနှင့် ဒီမိုကရေစီ စနစ်ကို ကြိုးပမ်းအားထုတ်ရန် ရည်ရွယ်ခဲ့သည်။

**ACRP(အာရှဘာသာရေးများငြိမ်းချမ်းရေးညီလာခံ)**

ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေးကိစ္စရပ်များကို မြှင့်တင်ပေးနေသော ကုလသမဂ္ဂနှင့် ချိတ်ဆက်ထားသည့် အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) တစ်ခုဖြစ်သည်။

**AA(ရက္ခိုင့်တပ်တော်)**

ဤအဖွဲ့သည် ရခိုင်ပြည်နယ်အခြေစိုက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်ပြီး၊ ရက္ခိုင့်အမျိုးသားအဖွဲ့ချုပ် (United League of Arakan) ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်။

**ARSA(အာရ်ကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်)**

ဤအဖွဲ့သည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လှုပ်ရှားနေသော ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့တစ်ခု ဖြစ်ပြီး၊ မူလအမည်မှာ ဟာရကတ်အလ်ယကီန် (Harakah al-Yaqin) ဖြစ်သည်။

**ဗိုလ်ချုပ်အောင်ဆန်း**

မြန်မာ့တပ်မတော်၏ တည်ထောင်သူ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့သော သူရဲကောင်းနှင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံသားတို့၏ ဖခင်အဖြစ် သတ်မှတ်ထားသူဖြစ်သည်။

**ဒေါ်အောင်ဆန်းစုကြည်**

နိုဘယ်ဆုရှင်၊ ဒီမိုကရေစီအထိမ်းအမှတ်နှင့် စစ်အာဏာရှင်ကို စိန်ခေါ်ခဲ့သော NLD ခေါင်းဆောင် ဖြစ်သည်။ သူမသည် အာဏာသိမ်းမှုအတွင်း ဖမ်းဆီးခံခဲ့ရသည်။

**မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ(BSPP)**

၁၉၆၂ ခုနှစ် ပထမဆုံး စစ်တပ် ကအာဏာသိမ်းအုပ်ချုပ်ပြီးနောက် တစ်ခုတည်းသော တရားဝင်ပါတီ ဖြစ်သည်။ ၁၉၈၈ ခုနှစ်တွင် ဖျက်သိမ်းပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ အဖြစ်ပြောင်းလဲ ဖွဲ့စည်းခဲ့သည်။

**CDM – အကြမ်းမဖက် အာဏာဖီဆန်ရေးလှုပ်ရှားမှု။**

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်ဘက်ဝန်ထမ်းများမှ စတင်ခဲ့သော စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် လှုပ်ရှားမှုတစ်ခုဖြစ်သည်။

**CRPH(ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ)**

ဖယ်ရှားခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံသားများမှ ဖွဲ့စည်းခဲ့ပြီး၊ စစ်အစိုးရ၏ တရားဝင်မှုကို ငြင်းပယ်သည့် အဖွဲ့အစည်း တစ်ခုဖြစ်သည်။

**ERO–တိုင်းရင်းသားတော်လှန်ရေးအဖွဲ့များ**

မြန်မာနိုင်ငံရှိတိုင်းရင်းသားများသည် မိမိတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် လက်နက်ကိုင်တိုက်ပွဲများ ဆင်နွှဲလျက် ရှိသည်။ စစ်ကောင်စီမှ စတင်ခဲ့သော ဖိနှိပ်မှုများအတွင်း၊ လူ့အခွင့်အရေးလှုပ်ရှားသူများစွာသည် ERO များထိန်းချုပ်ထားသော နယ်မြေများသို့ ခိုလှုံခဲ့ကြသည်။ အချို့ တိုင်းရင်းသားပါတီများကလည်း အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြသူများနှင့် စစ်ကောင်စီကို ဆန့်ကျင်သော နိုင်ငံသားများကို ကာကွယ်ပေးရန် ကတိပြုခဲ့သည်။

**ဂျန်ဇီးဗားမား**

စစ်တပ်ဆန့်ကျင်သော လှုပ်ရှားမှုများတွင် ပါဝင်ခဲ့သော လူငယ်လှုပ်ရှားမှုတစ်ခု ဖြစ်သည်။

**GSCN – တိုင်းရင်းသားလူမျိုးစုများ၏ အထွေထွေသပိတ်ကော်မတီ**

ဖေဖော်ဝါရီလတွင် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သော ဆန္ဒပြမှုများကို ကိုယ်စားပြုသော ဆန့်ကျင်ရေးအဖွဲ့များ၊ လူမျိုးစုတပ်ဖွဲ့များနှင့် အခြားပါတီများကို ကိုယ်စားပြုရန် ဖွဲ့စည်းခဲ့သည်။

**စစ်အစိုးရ**

လက်နက်အင်အားဖြင့်အာဏာရပြီးသည့်နောက်နိုင်ငံတစ်ခုကိုအုပ်ချုပ်သော စစ်အုပ်စု သို့မဟုတ် နိုင်ငံရေးအုပ်စု တစ်ခုဖြစ်သည်။

**MEHL – မြန်မာစီးပွားရေးအစုရှယ်ယာကုမ္ပဏီလီမိတက်**

မြန်မာစစ်တပ်က ပိုင်ဆိုင်ပြီး စီမံခန့်ခွဲသော ကုမ္ပဏီကြီးဖြစ်သည်။

**မင်းအောင်လှိုင်**

မြန်မာကာကွယ်ရေး ဦးစီးချုပ်ဖြစ်ပြီး အာဏာသိမ်းမှု၊ လူမျိုးသုန်းသတ်ဖြတ်မှုနှင့် တိုင်းရင်းသားလူနည်းစုများအပေါ် စစ်ရေးတိုက်ခိုက်မှု များကြောင့် နိုင်ငံတကာတွင် ပြစ်တင်ရှုတ်ချခံနေရသူဖြစ်သည်။

**ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန**

လွတ်လပ်စွာပြောဆိုခွင့်နှင့် ပုံနှိပ်ထုတ်ဝေခွင့်ကို ကန့်သတ်ရာတွင်အဓိကဖြစ်သော စစ်အစိုးရ၏ ဗျူရိုကရေစီ ဝန်ကြီးဌာနဖြစ်သည်။

**မြင့်ဆွေ**

ဒုတိယသမ္မတတစ်ဦးဖြစ်ပြီး အာဏာသိမ်းမှုအတွင်း အရေးပေါ်အခြေအနေကြေညာကာ အာဏာကို မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးခဲ့ သည်။

**မျိုးရန်နောင်သိန်း**

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက်တိုက်ပွဲဝင်နေသူ၊ ယခင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ဗဟိုသုတေသနလမ်းညွှန်အဖွဲ့ အတွင်းရေးမှူးနှင့် နိုင်ငံရေးအကျဉ်းသားဟောင်း တစ်ဦး။

**NLD(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)**

ဤအဖွဲ့သည် လစ်ဘရယ်ဒီမိုကရေစီနိုင်ငံရေးပါတီတစ်ခုဖြစ်ပြီး၊ ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရပြီး နောက် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြင့် ဖယ်ရှားခံခဲ့ရသည်။

**NUG – အမျိုးသားညီညွတ်ရေးအစိုးရ**

CRPH (ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ) မှ ဖွဲ့စည်းခဲ့ပြီး၊ ဖယ်ရှားခံရသော လွှတ်တော် ကိုယ်စားလှယ် များနှင့် စစ်ကောင်စီကို ဆန့်ကျင်သည့် တိုင်းရင်းသားခေါင်းဆောင်များပါဝင်သော မြန်မာပြည်၏တရားဝင် စင်ပြိုင်အစိုးရဖြစ်သည်။

**NUCC (အမျိုးသားညီညွတ်ရေးအကြံပေးကောင်စီ)**

ဖက်ဒရယ်ဒီမိုကရေစီအတွက် အင်အားစုများကို စည်းလုံးညီညွတ်စေသော ပလက်ဖောင်းတစ်ခု ဖြစ်သည်။ ၎င်းတွင် NLD အဖွဲ့ဝင်များ၊ CDM အဖွဲ့များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ပါဝင်သည်။

**PDF (ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့)**

NUG ၏ လက်နက်ကိုင်တပ်ဖွဲ့ဖြစ်ပြီး ပြည်သူများကို ကာကွယ်ပေးသည့်အဖွဲ့အစည်းဖြစ်သည်။ ဖက်ဒရယ် ပြည်ထောင်စုတပ်မတော်၏ ရှေ့ပြေးတပ်ဖွဲ့လည်း ဖြစ်သည်။

**ရိုဟင်ဂျာ**

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ မြန်မာစစ်တပ်၏ညှဉ်းပန်းနှိပ်စက်ခံနေရသော လူမျိုးစုတစ်ခုဖြစ်သည်။ စစ်တပ်မှ ကျူးလွန်သော လူမျိုးတုန်းသတ်ဖြတ်မှု၏ သားကောင်များဖြစ်ကြသည်။

**SAC – နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

၂၀၂၁ ခုနှစ်အာဏာသိမ်းစစ်အစိုးဖြစ်သည်။

**SAC-M (မြန်မာနိုင်ငံအတွက် အထူးအကြံပေးကောင်စီ)**

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် တာဝန်ယူမှုတာဝန်ခံမှုများကိုမြှင့်တင်ပေးနေသောကုလသမဂ္ဂလက်အောက်ခံအဖွဲ့ဖြစ်သည်။

**နွေဦးတော်လှန်ရေး**

၂၀၂၁ ခုနှစ် စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်သော မြန်မာနိုင်ငံသားများ၏ နိုင်ငံလုံးဆိုင်ရာ ဆန္ဒပြ တော်လှန်ရေး ကြီးဖြစ်သည်။

**တပ်မတော်**

မြန်မာနိုင်ငံသားများကအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသော လက်နက်ကိုင် မြန်မာစစ်တပ် ဖြစ်သည်။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP)**

စစ်တပ်၏ ကိုယ်စားပြုနိုင်ငံရေးပါတီဖြစ်ပြီး ၂၀၁၅ ၊ ၂၀၂၀ ရွေးကောက်ပွဲများတွင် NLD ကို အပြတ်အသတ်ရှုံးနိမ့်ခဲ့သည်။

**UNHRC(ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ)**

ဤအဖွဲ့အစည်းသည် ကမ္ဘာတစ်ဝှမ်းရှိ လူ့အခွင့်အရေးများကို မြှင့်တင်ရန်နှင့် ကာကွယ်ရန် ကြိုးပမ်းဆောင်ရွက်နေသော ကမ္ဘာ့အဖွဲ့အစည်း တစ်ခုဖြစ်သည်။

**ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာတရားရုံးချုပ်(ICJ)**
ကုလသမဂ္ဂ၏ တရားရေးဆိုင်ရာ အဖွဲ့အစည်းဖြစ်ပြီး၊ ရိုဟင်ဂျာလူမျိုးများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုများ မဖြစ်ပွားစေရန် တားဆီးကာကွယ်ရန် တာဝန်ပေးအပ်ထားသည်။

**၂၂၂၂၂ – ၂ ငါးလုံး လှုပ်ရှားမှု**

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်နေ့တွင် ပြည်သူများ၏ စစ်အာဏာရှင်အပေါ် မကျေနပ်မှုများ ကျယ်ပြန့်စွာရှိနေကြောင်း ပြသခဲ့သော နိုင်ငံတစ်ဝှမ်းတွင် ကျင်းပခဲ့သော အထွေထွေသပိတ်ကြီး ဖြစ်သည်။

**၈၈၈၈**

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်သည့် သမိုင်းဝင်လူထု အရေးတော်ပုံကြီး ဖြစ်သည်။

**၉၆၉လှုပ်ရှားမှု**
မြန်မာနိုင်ငံတွင် အစ္စလာမ်ဘာသာကို ဆန့်ကျင်ပြီး စစ်တပ်ကို ထောက်ခံသော ဗုဒ္ဓဘာသာဝင် အစွန်းရောက် အမျိုးသားရေးလှုပ်ရှားမှု တစ်ခု ဖြစ်သည်။

## ကိုးကားချက်များ

The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, ThanLwin Times, PVTV, Khonumthung Burmese.